## လေးစားရပါသော ကလေးမိဘများ/ အုပ်ထိန်းသူများ!

စမ်းသပ်စစ်ဆေးမှုများ နှင့် ရေရှည်စီမံကိန်းများတွင် ရရှိခဲ့သည် အဖြေများမှာ၊ မိဘများ အပြင် ကလေးများသည် ဖင်လန်နိုင်ငံ၏ အစဦးပိုင်းထိန်းသိမ်းစောင့်ရှောက်မှုများအား အရည်အသွေးပြည့်မှီကြသည်ဟု များသောအားဖြင့် သဘောကျနှစ်ချိုက်ကြပါသည်။ ထိုသို့ ကလေးများနှင့် မိဘများက အများစု နှစ်သက်ကျေနပ်ကြသော်လည်း ပိုမိုတိုးတက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက်နှင့် ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် အမြဲတမ်းတင် ပြုပြင်ပြောင်းလဲခြင်းများကို ပြုလုပ်ရန် လိုအပ်ပါသည်။ အခြေခံလိုအပ်ချက်များကို သိရှိရန် ပြုလုပ်သည့် စီမံကိန်းတွင်  အစဦးထိန်းသိမ်းစောင့်ရှောက်မှု စမ်းသပ်ချက်- နှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း။ ထိုကဲ့သို့သော လုပ်ဆောင်ချက်များ၏ အဓိကအချက်မှာ ပထဆုံး ကလေးများရင်ဆိုင်နေရသည့် အခြေအနေများကို အသေးစိတ် စမ်းသပ်စစ်ဆေးရန်ဖြစ်ပြီး၊ နေ့စဉ် ကြုံတွေ့ရသည် အစဦးပိုင်းထိန်းသိမ်းစောင့်ရှောက်မှုများကို ကောင်းမွန်စေရန်နှင့် အဖက်ဖက်မှ ပြန်လည်သုံးသပ်လာသည့် အစဦးပိုင်းထိန်းသိမ်းစောင့်ရှောက်သည့် သူများ၏ အမြင်ယူဆချက်များကို သုံးသပ်ပြီး ပိုမိုကောင်းမွန်စေရန် ဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရာတွင် ကလေးများ လေ့လာစောင့်ကြည့်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း နှင့် ၎င်းတို့ ပြုမူဆောင်ရွက်ပုံများကို အကဲဖြတ်ခြင်းတို့ ဖြစ်ပါသည်။ ထို့အပြင်လည်းပဲ သင်ကြားပို့ချသည့်ပါတ်ဝန်းကျင်တွင် ဆောင်ရွက်ချက်များ၊ လေထုအနေအထား နှင့် ဖိအားသတ်မှတ်ချက်များကိုလည်း အကဲဖြတ်ခြင်း ပါဝင်ပါသည်။ ဇန္နဝါရီ လမှ မေလအထိ ၂၀၁၅ ခုနှစ်အတွင်းတွင် စမ်းသပ်စစ်ဆေးမှုအတွက် ဘာသာရပ်များကို ဥပမာအားဖြင့် သင်တို့၏ ကလေးများအား ထိန်းသိမ်းစောင့်ရှောက်နေသည့် ကလေးထိန်းကျောင်း တခုချင်းဆီမှ (ကလေးထိန်းကျောင်းမှ၊ မိသားစု ကလေးထိန်းသိမ်းသည့် နေရာ) စုဆောင်း ကောက်ခံမည်ဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးမှုတွင် ကလေးပေါင်း ၄၀၀၀ နှင့် ကလေးထိန်းကျောင်း ၂၀၀ ကျော်တို့မှ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးမှုတွင် စုဆောင်းရရှိသည့် အချက်အလက်များကို စိတ်ချယုံကြည်ခြင်း ဖြစ်အောင် ပြုလုပ်ထားမည် ဖြစ်ပါသည်။ ကလေးများနှင့် ၎င်းမိသားစုတို့၏ အချက်အလက်များကို စုဆောင်းကောက်ခံမည် မဟုတ်ပါ။ ဝန်ထမ်းများမှ ကလေး၏ အခြေအနေကို သတိထား စောင့်ရှောက်ခြင်းများလည်း ပြုလုပ်ပါမည်။ မိမိတို့အနေဖြင့် စမ်းသပ်စစ်ဆေးမှုများတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်း ထိန်းသိမ်းစောင့်မည် ဖြစ်ပါသည်။  အကြောင်းအရာအလိုက် ကလေးအား တဦးချင်းအနေဖြင့် စဥ်းစားဆုံးဖြတ်မည် မဟုတ်ပါ သို့သော်လည်း များသောအားဖြင့် အကြောင်းအရာတွင် အနဲငယ်စီ ထည့်သွင်းခြင်း ရှိနိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်ရသော စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခြင်း ဖြစ်ပါသည်။ စီမံကိန်းအား အောက်ပါ လိပ်စာအတိုင်း လေ့လာနိုင်ပါသည်။  http://blogs.helsinki.fi/reunamo/

စမ်းသပ်စစ်ဆေးမှု စီမံကိန်းတွင် မိဘ/မိဘများ၏ သဘောတူ ခွင့်ပြုချက်မပါဘဲ ကလေးအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း မရှိပါ။ ကလေးတိုင်း၏ အမြင်သဘောထားသည် ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်နိုင်မည့် အရေးဖြစ်ပါသဖြင့်၊ မိမိတို့အနေဖြင့် စမ်းသပ်စစ်ဆေးမှုတွင် သင်၏ ကလေးပူးပေါင်းပါဝင်နိုင်ရေးကို ခွင့်ပြုပါရန် မိမိတို့အနေဖြင့် တောင်းဆိုပါသည်။ ကလေးတိုင်း ကလေးတိုင်း၏ အမြင်မှာ အရေးကြီးပြီး၊ ၎င်းအမြင်များကို သိရှိရန်မှာ ပထမဦးစားပေး အရေးကြီးသည့် အရာဖြစ်ပါသည်။ ထိုအမြင်များသည် အစဦးထိန်းသိမ်းစောင့်သည့် အခန်းကဏ္ဍတွင် တစိတ်တပိုင်းလည်း ပါဝင်ပါသည်။ ခွင့်ပြုချက်လျှောက်လွှာအား ကလေးအားထိန်းသိမ်းသည့် သူထံသို့ ပြန်လည်ပေးပို့/ ပေးပို့ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။ စမ်းသပ်စစ်ဆေးမှုအကြောင်းအား ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင် ထုတ်ဖေါ် မိတ်ဆက်ပေးမည် ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုအား ကြိုဆိုဖိတ်ခေါ်ပါသည်။

______________________________

## စမ်းသပ်စစ်ဆေးမှု ခွင့်ပြုခြင်း

ကျွန်ုပ်/ကျွန်ုပ်မတို့၏ ကလေး ___________________________________ အခြေခံအချက်အလက်များကို သိရှိရန်

စမ်းသပ်စစ်ဆေးသည့် စီမံကိန်း ၂၀၁၅ တွင် ပူးပေါင်းပါဝင်သည်။ (http://blogs.helsinki.fi/reunamo/)

______________________________
နေရာ နှင့် အချိန်

______________________________
လက်မှတ်

______________________________
နာမည် အပြည့်အစုံ